မြို့နယ်စည်ပင်သာယာရေးအဖွဲ့
စာအမှတ်-----------
ရက်စွဲ-----------
ပေါင်းတည်မြို့

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့
(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
၁၃၈၇ခု၊ ပြာသိုလဆန်း( ၁ )ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ( ၁၉ )ရက်

# အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့်ကြော်ငြာစာအမှတ်(၁/၂၀၂၆)

၁။ ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ် ( ၂၀၂၆ခုနှစ် ဧပြီလ(၁)ရက်မှ ၂၀၂၇ ခုနှစ် မတ်လ(၃၁)ရက်အထိ )အတွက် မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်အား BOT စနစ်ရရှိသောကုမ္ပဏီများအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ သားသတ်လိုင်စင်များနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်ပါအတိုင်း ရောင်းချခြင်းဖြင့်လည်းကောင်း၊ အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ကျန်အခွင့်အရေးလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါ၍ လေလံစည်းကမ်းညွှန်ကြားချက်များနှင့်ညီညွတ်သူ မြန်မာနိုင်ငံသားမည်သူမဆိုလာရောက်ဆွဲဝယ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ရောင်းချမည့်အစီအစဉ် | အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့်နေ့ရက်သတ်မှတ်ချက် | အရပ်ရပ်အခွင့်အရေးလိုင်စင်များ မှတ်ပုံတင်ရမည့်နေ့ရက်သတ်မှတ်ချက်များ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | (၁၃.၁.၂၀၂၆)(အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | (၁၂.၁.၂၀၂၆)(တနင်္လာနေ့) နံနက်(၁၆:၃၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | (၂၁.၁.၂၀၂၆)(ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ | (၂၀.၁.၂၀၂၆)(အင်္ဂါနေ့) နံနက်(၁၆:၃၀)နာရီ | |
| ၃။ | တတိယအကြိမ် | (၂၈.၁.၂၀၂၆)(ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ | (၂၇.၁.၂၀၂၆)(အင်္ဂါနေ့) နံနက်(၁၆:၃၀)နာရီ | |
| ၄။ | ချိတ်ပိတ်တင်ဒါ | (၄.၂.၂၀၂၆)(ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ | (၃.၂.၂၀၂၆)(အင်္ဂါနေ့) နံနက်(၁၆:၃၀)နာရီ | |
| ၅။ | အခြားနည်း | (၁၁.၂.၂၀၂၆)(ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ | (၁၀.၂.၂၀၂၆)(အင်္ဂါနေ့) နံနက်(၁၆:၃၀)နာရီ | |

လေလံရောင်းချမည့်နေရာ - ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး။

၂။ ၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ် (၂၀၂၆ခုနှစ် ဧပြီလ(၁)ရက်မှ ၂၀၂၇ခုနှစ်မတ်လ(၃၁)ရက်အထိ (၁)နှစ်တာကာလ)အတွက် လိုင်စင်ဆွဲဝယ်သူသည် ပေါင်းတည်မြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပုဂ္ဂလိကစာရင်းရှင် အပ်ငွေဖွင့်လှစ်၍ စားပွဲတင်အာမခံငွေအဖြစ် ပေးသွင်းရမည့် ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိ၊ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့်(P.O.P)(Payment Order/Private)ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင်အာမခံငွေတင်သွင်းမှုအထောက်အထားအဖြစ် တင်ပြရမည်။ နောက်ကျတင်သွင်းသည့် လျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ (P.O.P) (Payment Order/Private)များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

Leylan

Scanned with MOBILE SCANNER

၃။ လေလံကြေးကျပ်(၂၀)သိန်းနှင့်အောက်လိုင်စင်များအနေဖြင့် အကြေပေးသွင်းရမည်။

၄။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး (၁၀)ရက်ကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။လေလံအောင်မြင်သူများ၏ အာမခံငွေ(၁၀ပုံ၁ပုံ)အား လေလံစည်းကမ်းနှင့်အညီ ပေးသွင်းရမည်ဖြစ်ပြီး လေလံကြေး(၅ပုံ၁ပုံ)သို့မဟုတ် အကြေ သို့မဟုတ် တိုင်းဒေသကြီး ပြင်ပ(၅၀%)တို့အား ၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ် (၂၀၂၆ခုနှစ် ဧပြီလ(၁)ရက်မှ ၂၀၂၇ခုနှစ် မတ်လ(၃၁)ရက်အထိ (၁)နှစ်တာကာလ)တွင် (၇.၄.၂၀၂၆)ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်။ အရစ်ကျလိုင်စင်ကြေးများအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ဆွဲဝယ်သူဖြစ်ပါက (၈)ရစ်ဖြင့်လည်းကောင်း၊တိုင်းဒေသကြီးပြင်ပမှဆွဲဝယ်သူဖြစ်ပါက (၄)ရစ်ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၅။ လေလံဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့်ကိုက်ညီမှသာ လေလံဆွဲဝယ်ခွင့်ရှိရမည် -

(က) လေလံစည်းကမ်းညွှန်ကြားချက်များနှင့်ညီညွှတ်သူ မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၀၂၅-၂၀၂၆ခုဘဏ္ဍာရေးနှစ်တွင် ဆွဲဝယ်ဆောင်ရွက်လျှက်ရှိသော လိုင်စင်စီဟောင်းမဟုတ်ပါက ဆွဲဝယ်လုပ်ကိုင်ဆောင်ရွက်မည့် မြို့နယ်အတွင်း အနည်းဆုံး (၁)နှစ်နေထိုင်ပြီးသူဖြစ်ရမည်။ထိုသို့နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စုစာရင်း(လဝကပုံစံ ၆၆/၆)တင်ပြနိုင်ရမည်။

(ဂ) နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်းကို တင်ပြနိုင်သော အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်၊

(ဃ) စည်ပင်သာယာရေးဆိုင်ရာအခွန်၊အခ၊ကြေးကျန်မရှိသူဖြစ်ရမည့်အပြင် အမှုအခင်းနှင့်ပြဿနာကင်းရှင်းသူဖြစ်ရမည်။

၆။ ကိုယ်စားလှယ်လွှဲစာ( Special Power )ဖြင့် လွှဲအပ်တင်ပြခြင်းအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) နာမည်ပျက်စာရင်းတင်သွင်းကြေညာ၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ခွင့်ပိတ်ပင်ခံထားရသူများ၊၎င်းနှင့်အတူနေအိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရသူများ၊

(ခ) လေလံရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့်ရက်လွန်ဒဏ်ကြေး ပေးဆောင်ရန်နှင့်အခြားအခွန်၊အခကြေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ။

Scanned with MOBILE SCANNER

၈။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်လျှောက်ထားသူ၏ ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ၊

(ခ) အခွန်ကြွေးကျန်ကင်းရှင်းကြောင်းနှင့် အမည်ပျက်စာရင်းတင်သွင်းကြေညာခံရသူ မဟုတ်ကြောင်း သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ထောက်ခံချက်၊

(ဂ) စားပွဲတင်အာမခံတင်သွင်းထားသည့်အထောက်အထား၊ငွေထုတ်ယူခွင့်အမိန့်၊(P.O.P) (Payment Order/Private)၊

(ဃ) သက်ဆိုင်ရာလိုင်စင်တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဘိုးထက်လျော့နည်းခြင်း မရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ၊အိမ်၊မြေ ) နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ နိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ( အိမ်၊ မြေ၊ ဂရံ စသည့်မူရင်း အထောက်အထားများ) (သို့မဟုတ်) ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ် မူရင်း၊ငွေစုစာအုပ်မူရင်း(မြန်မာ့စီးပွားရေးဘဏ်)၊

(င) အာမခံတင်သွင်းသည့် (အဆောက်အဦ၊အိမ်၊မြေ)၏ ရှေ့/နောက်/ဝဲ/ယာဓါတ်ပုံ(၄)ပုံ၊

(စ) မြေပိုင်ဆိုင်ကြောင်း အဆောက်အဦ၊ မြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာ/ အုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာမြို့နယ်၏ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဇ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်တင်ပြချက် အပေါ် အမှုဆောင်အရာရှိထောက်ခံချက်ပါအိမ်၊မြေ၊အဆောက်အဦ၏ ကာလတန်ဘိုး စိစစ်ချက်၊

(ဈ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်၊

(ည) လျှောက်လွှာ(၁)စောင်လျှင်(၁၅၀၀ဝိ/-)(ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့် ဝယ်ယူရမည်။

၉။ လေလံဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့်စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားဖြင့် ထပ်မံတင်သွင်းရမည်။တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့်ပယ်ဖျက်ခြင်းခံရမည့် အပြင်တင်သွင်းထားသည့် စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၀။ အခွင့်အရေးလိုင်စင်များ တစ်ခုချင်းရောင်းချခြင်းကို လေလံဆွဲဝယ်ခွင့်လျှောက်လွှာအမည် စာရင်းတင်သွင်းသူကိုယ်တိုင် ဆွဲဝယ်ရမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းအား ခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိပါက အလုပ်ဝတ္တရား နှောင့်ယှက်မှုဖြင့်အရေးယူခြင်းခံရမည်။

Loylan

Scanned with MOBILE SCANNER

၁၁။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုခြင်းအလိုက်သော်လည်းကောင်း၊စုပေါင်း၍သော်လည်းကောင်း၊သက်တမ်းတိုးစနစ်ဖြင့်သော်လည်းကောင်း၊တိုက်ရိုက်အညီအမျှခွဲဝေရောင်းချခြင်းစနစ်ဖြင့်သော်ကောင်း၊ဈေးပြိုင်စနစ်ဖြင့်သော်လည်းကောင်း ရောင်းချသွားမည်ဖြစ်ပါသည်။ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်မှတစ်ပါး မည်သည့်ပုဂ္ဂိုလ်၊ အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၁၂။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊လေလံခန်းမအတွင်း လေလံတစ်ခုချင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ် သိမ်းယူပြီး အမည်ပျက်စာရင်းတင်သွင်းသွားမည်။ သို့ရာတွင် (၃)ကြိမ် မပြည့်မီ ယှဉ်ပြိုင်ဆွဲဝယ်မည့်လေလံကြေးသည် ကြမ်းခင်းဈေး၏ (၅၀%)အထိ မြင့်တက်လာပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၃။ လေလံယှဉ်ပြိုင်ဆွဲဝယ်နေစဉ်တွင် ပန်းကြေးရယူကြောင်း ထင်မြင်ယူဆပါက လေလံရောင်းချရေးအဖွဲ့အနေဖြင့် လေလံရောင်းချခြင်းအား ပယ်ဖျက်ပြီးနောက်တစ်ကြိမ် ပြန်လည်ရောင်းချသွားမည်။ယင်းသို့ ဆောင်ရွက်ချက်ကို လေလံအမှုတွဲတွင် မှတ်တမ်းတင်ထားရှိမည်။

၁၄။ လေလံယှဉ်ပြိုင်ရာတွင်ပန်းကြေးရယူတောင်းခံကြောင်းတိကျစွာဖော်ထုတ်ရရှိပါကပန်းကြေးပေးသူနှင့်ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ရုပ်သိမ်းပြီး ၎င်းတို့အသီးသီး တင်သွင်းထားသော စားပွဲတင်အာမခံငွေများကို အဖွဲ့ပိုင်အဖြစ် သိမ်းယူမည်။ထို့ပြင် ၎င်းတို့အား နာမည်ပျက်စာရင်း တင်သွင်းကြေညာမည်။ လေလံချထားပြီးဖြစ်ပါက လေလံကိုပြန်လည်ရုပ်သိမ်း၍ အသစ်တစ်ဖန် ပြန်လည်ရောင်းချမည်။

၁၅။ လေလံဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်တိုင် ၎င်းအနေဖြင့် လေလံဆွဲဝယ်ရာတွင် သက်မှတ်ထားသော လေလံစည်းကမ်းနှင့်မကိုက်ညီဘဲ မမှန်မကန်လိမ်လည်၍ ဆွဲဝယ်ရရှိခြင်းဖြစ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လေလံချထားခြင်းကို ပြန်လည်ရုပ်သိမ်း၍ စည်းကမ်းနှင့်အညီ ပြန်လည်လေလံရောင်းချမည်။ထို့အပြင် တင်သွင်းထားသော အာမခံငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူ၍ အမည်ပျက်စာရင်းတင်သွင်းသတ်မှတ်မည်။

၁၆။ လိုင်စင်စည်းကမ်းချက်များနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါကရုံးချိန်အတွင်း အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ပေါင်းတည်မြို့၊ ဖုန်းအမှတ်၊၀၅၃-၃၈၀၅၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(တင်မိုးလှိုင်၊လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၁၅၁၃ /ဃ-၂/ပတ-၂(၀၀၁)
ရက်စွဲ၊၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်

Leyland

Scanned with
MOBILE SCANNER

**ဖြန့်ဝေခြင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး(.................................မြို့)
အုပ်ချုပ်ရေးမှူး(ဈေး(၁)၊ ဈေး(၂)၊ အုတ်ဖို(၁)၊ အုတ်ဖို(၂)၊ မင်းကွက်(၁)၊ မင်းကွက်(၂)၊မင်းကွက်(၃)၊
နွယ်ချို(၁)၊နွယ်ချို(၂)၊ဟသာၤကန်၊ပျဉ်းပင်ကန်၊ဘွဲ့ပင်ကန်)ရပ်ကွက်
ကျေးရွာ/အုပ်စုအုပ်ချုပ်ရေးမှူး၊......................................................ကျေးရွာ/အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊
ပေါင်းတည်မြို့နယ်
လေလံဆွဲဝယ်သူများနှင့်လေလံဆွဲဝယ်လေ့ရှိသူများ(အားလုံး)
မြို့မဈေး၊ရွှေတည်ဈေး၊မြို့သစ်ဈေး(ကြော်ငြာသင်ပုန်းတွင်ကြော်ငြာရန်)

.............................................................................................................................................................

မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့
ဥက္ကဋ္ဌ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊နတ်တလင်းမြို့
ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ပေါင်းတည်မြို့
ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ပေါင်းတည်မြို့
ဌာနဆိုင်ရာအကြီးအကဲများအားလုံး၊ပေါင်းတည်မြို့(ထံသိသာပါရန်နှင့်မိမိဌာန
ကြော်ငြာသင်ပုန်းတွင်ကြော်ငြာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်)
..............................................ဌာန
..................................................လိုင်စင်အမှုတွဲ
ရုံးလက်ခံ
မျှော

Scanned with MOBILE SCANNER

ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ် (၂၀၂၆ခုနှစ် ဧပြီလ(၁)ရက်မှ ၂၀၂၇ခုနှစ် မတ်လ(၃၁)ရက်အထိ
တစ်နှစ်တာကာလ)အတွက် ရောင်းချမည့်အရပ်ရပ်အခွင့်အရေးလိုင်စင်များ

| စဉ် | လိုင်စင်အမျိုးအစား | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | **သားသတ်လိုင်စင်များ** | | | |
| ၁ | မြို့မဈေးအမဲဆိုင် | ၃၁၀၀၀၀၀ | ၁၅၅၀၀၀၀ | သက်တမ်းတိုး/အညီအမျှ |
| ၂ | ရွှေတည်ဈေးအမဲဆိုင် | ၁၃၄၀၀၀၀၀ | ၆၇၀၀၀၀၀ | ခွဲဝေချထားစနစ် |
| ၃ | မှတ်တိုင်အမဲဆိုင် | ၂၀၇၀၀၀၀ | ၁၀၃၅၀၀၀ | ။ |
| ၄ | ဘုရားငါးဆူအမဲဆိုင် | ၅၇၀၀၀၀ | ၂၈၅၀၀၀ | ။ |
| ၅ | ကြာနီကန်အမဲဆိုင် | ၁၂၂၀၀၀၀ | ၆၁၀၀၀၀ | ။ |
| ၆ | သဖန်းကုန်းအမဲဆိုင် | ၄၇၀၀၀၀ | ၂၃၅၀၀၀ | ။ |
| ၇ | မြို့မဈေးဝက်ဆိုင် | ၁၀၀၃၀၀၀၀ | ၅၀၁၅၀၀၀ | ။ |
| ၈ | ရွှေတည်ဈေးဝက်ဆိုင် | ၂၄၀၇၀၀၀၀ | ၁၂၀၃၅၀၀၀ | ။ |
| ၉ | မှတ်တိုင်ဝက်ဆိုင် | ၈၅၀၃၀၀၀ | ၄၂၅၁၅၀၀ | ။ |
| ၁၀ | ဘုရားငါးဆူဝက်ဆိုင် | ၃၉၅၄၀၀၀ | ၁၉၇၇၀၀၀ | ။ |
| ၁၁ | သဖန်းကုန်းဝက်ဆိုင် | ၈၃၀၀၀၀ | ၄၁၅၀၀၀ | ။ |
| ၁၂ | နွားခြံကုန်းဝက်ဆိုင် | ၆၂၅၀၀၀ | ၃၁၂၅၀၀ | ။ |
| ၁၃ | ကြာနီကန်ဝက်ဆိုင် | ၃၁၀၀၀၀ | ၁၅၅၀၀၀ | ။ |
| ၁၄ | မြို့မဈေးဆိတ်ဆိုင် | ၃၀၀၀၀၀ | ၁၅၀၀၀၀ | ။ |
| ၁၅ | ရွှေတည်ဈေးဆိတ်ဆိုင် | ၃၉၀၀၀၀ | ၁၉၅၀၀၀ | ။ |
| | **အပေါင်ဆိုင်လိုင်စင်များ** | | | |
| ၁၆ | ပေါင်းတည်အပေါင်ဆိုင်(၂) | ၉၃၀၀၀၀ | ၄၆၅၀၀၀ | သက်တမ်းတိုးစနစ် |
| ၁၇ | ပေါင်းတည်အပေါင်ဆိုင်(၃) | ၁၃၆၀၀၀၀ | ၆၈၀၀၀၀ | ။ |
| ၁၈ | ပေါင်းတည်အပေါင်ဆိုင်(၄) | ၂၁၃၀၀၀၀ | ၁၀၆၅၀၀၀ | ။ |
| ၁၉ | ပေါင်းတည်အပေါင်ဆိုင်(၅) | ၁၁၀၀၀၀၀ | ၅၅၀၀၀၀ | ။ |
| ၂၀ | ပေါင်းတည်အပေါင်ဆိုင်(၆) | ၁၃၆၀၀၀၀ | ၆၈၀၀၀၀ | ။ |
| ၂၁ | ပေါင်းတည်အပေါင်ဆိုင်(၁၁) | ၁၁၀၀၀၀၀ | ၅၅၀၀၀၀ | ။ |
| ၂၂ | ပေါင်းတည်အပေါင်ဆိုင်(၁၂) | ၁၁၀၀၀၀၀ | ၅၅၀၀၀၀ | ။ |
| ၂၃ | ပေါင်းတည်အပေါင်ဆိုင်(၁၃) | ၁၁၀၀၀၀၀ | ၅၅၀၀၀၀ | ။ |
| ၂၄ | ပေါင်းတည်အပေါင်ဆိုင်(၁၄) | ၁၀၅၀၀၀၀ | ၅၂၅၀၀၀ | ။ |
| ၂၅ | ပေါင်းတည်အပေါင်ဆိုင်(၁၅) | ၁၀၉၀၀၀၀ | ၅၄၅၀၀၀ | ။ |
| ၂၆ | ပေါင်းတည်အပေါင်ဆိုင်(၁၆) | ၁၀၉၀၀၀၀ | ၅၄၅၀၀၀ | ။ |
| ၂၇ | ပေါင်းတည်အပေါင်ဆိုင်(၁၇) | ၁၀၉၀၀၀၀ | ၅၄၅၀၀၀ | ။ |
| ၂၈ | သဖန်းကုန်းအပေါင်ဆိုင် | ၇၁၀၀၀၀ | ၃၅၅၀၀၀ | ။ |

Scanned with MOBILE SCANNER

| စဉ် | လိုင်စင်အမျိုးအစား | ကြမ်းခင်းဈေး | စားပွဲတင်<br>အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| ၂၉ | ညောင်ပင်ကိုင်းဆွဲအပေါင်ဆိုင် | ၇၁၀၀၀၀ | ၃၅၅၀၀၀ | သက်တမ်းတိုးစနစ် |
| ၃၀ | မှတ်တိုင်အပေါင်ဆိုင်(၁) | ၇၁၀၀၀၀ | ၃၅၅၀၀၀ | ။ |
| ၃၁ | မှတ်တိုင်အပေါင်ဆိုင်(၂) | ၇၁၀၀၀၀ | ၃၅၅၀၀၀ | ။ |
| ၃၂ | မှတ်တိုင်အပေါင်ဆိုင်(၃) | ၇၂၀၀၀၀ | ၃၆၀၀၀၀ | ။ |
| ၃၃ | မှတ်တိုင်အပေါင်ဆိုင်(၄) | ၇၂၀၀၀၀ | ၃၆၀၀၀၀ | ။ |
| ၃၄ | ပန်းသင်းပင်အပေါင်ဆိုင် | ၇၁၀၀၀၀ | ၃၅၅၀၀၀ | ။ |
| | **ဈေးကောက်လိုင်စင်များ** | | | |
| ၃၅ | မြို့မဈေးဈေးကောက် | ၃၀၈၀၀၀၀ | ၁၅၄၀၀၀၀ | တစ်ပေါင်းတည်းပေါင်း၍ဈေး |
| ၃၆ | ရွှေတည်ဈေးဈေးကောက် | ၁၇၂၇၀၀၀၀ | ၈၆၃၅၀၀၀ | ပြိုင်စနစ်ဖြင့်ရောင်းချပါမည်။ |
| ၃၇ | မှတ်တိုင်ဈေးကောက် | ၇၉၉၇၀၀၀ | ၃၉၉၈၅၀၀ | ဈေးပြိုင်စနစ် |
| ၃၈ | သဖန်းကုန်းဈေးကောက် | ၇၇၀၀၀၀ | ၃၈၅၀၀၀ | ။ |
| ၃၉ | ဘုရားငါးဆူဈေးကောက် | ၂၂၀၀၀၀ | ၁၁၀၀၀၀ | ။ |
| | **အခြားလိုင်စင်များ** | | | |
| ၄၀ | နွားပွဲဈေး | ၁၈၃၂၀၀၀ | ၉၁၆၀၀၀ | တစ်ပေါင်းတည်းပေါင်း၍ဈေး |
| ၄၁ | နွားပွဲဈေးစက်ဘီးအပ် | ၁၀၈၀၀၀ | ၅၄၀၀၀ | ပြိုင်စနစ်ဖြင့်ရောင်းချပါမည်။ |
| ၄၂ | ရွှေတည်ဈေးစက်ဘီးအပ် | ၁၂၂၆၅၀၀၀ | ၆၁၃၂၅၀၀ | ။ |
| ၄၃ | မြို့မဈေးစက်ဘီးအပ် | ၁၂၆၅၀၀၀ | ၆၃၂၅၀၀ | ။ |
| ၄၄ | ရွှေတည်ဈေးအိမ်သာဝင်ကြေးကောက် | ၂၆၈၈၀၀၀ | ၁၃၄၄၀၀၀ | ဈေးပြိုင်စနစ် |
| ၄၅ | (၆)လမ်းအိမ်သာဝင်ကြေးကောက် | ၁၆၀၀၀၀ | ၈၀၀၀၀ | ။ |
| ၄၆ | ယာဉ်ရပ်နားကောက် | ၈၈၀၀၀၀ | ၄၄၀၀၀၀ | ။ |
| | **စုစုပေါင်း** | **၁၃၇၈၄၇၀၀၀** | **၆၈၉၂၃၅၀၀** | |

**အမှုဆောင်အရာရှိ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ပေါင်းတည်မြို့။**

Scanned with MOBILE SCANNER